# နှင်လားဟဲ့ ဂျပန့် (၇)

ယခင်လမှအဆက်

● မီအိုက အိအိချော





ပြီးခဲ့တဲ့ရက်က ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒီပလိုမာ ဝင်ခွင့်ခေါ်သည်ကို သတင်းစာမှ တဆင့်သိလိုက်ရသည်။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဂျပန်ဘာသာဒီပလိုမာကျောင်းသူဘဝလေးကို အမှတ်ရမိနေတုန်းမှာပဲ Facebook စာမျက်နှာထက်မှာ သဇင်ပန်းလေးတွေကို မြင်လိုက်ရပြန်တော့ ကျွန်မ စာမရေးဘဲ မနေနိုင်တော့ပါ။

တကယ်တော့ နင်လားဟဲ့ ဂျပန် (၇)သည် ကျွန်မ၏ ဂျပန်ဘာသာစတင်သင်ယူခဲ့ချိန်တွင် ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရသော အခက်အခဲများစွာတို့အား ယနေ့ဂျပန်ဘာသာသင်ယူလေ့လာနေကြသောကျောင်းသားကျောင်းသူများတစ်စုံတစ်ရာသင်ခန်းစာ ယူနိုင်ကြရန်အလို့ငှာ ရေးသားခဲ့သော စာမူတစ်ပုဒ်ဖြစ်ပါသည်။ မှတ်မှတ်ရရ ၂၀၀၃ ခုနှစ် ပုသိမ်တက္ကသိုလ်မှာ နောက်ဆုံးနှစ်



CamScanner

စာမေးပွဲများဖြေအပြီးမှာ ကျွန်မ ဂျပန်ဘာသာကို စတင်လေ့လာခဲ့ပါသည်။ သည်တုန်းက ပုသိမ်မှာ ဂျပန်စာသင်ပေးမည့်ဆရာ မရှိတော့ ကျွန်မ ဂျပန်စကားပြော စာအုပ်လေး တစ်အုပ်ကို အရင်ဆုံးဝယ်၍ ဖတ်ပါသည်။ လေး လက်မ ပတ်လည် လောက်သာရှိသည့် အိပ်ဆောင် ဂျပန်စကားပြော စာအုပ်လေးမှာ ခန်းဂျီးလည်း တစ်လုံးမှမပါပါ။ ယုတ်စွအဆုံး ဂျပန် စာလုံးလေး တွေမြင်ဖူးချင်တာတောင်မှ ဟိရဂနတစ်လုံးစ၊နှစ်လုံးစရေးထားတာလေးတောင်မှမပါပါ။ အဓိပ္ပာယ်ရော အသံထွက်ပါမြန်မာလိုရေးထားသည့်စာအုပ်လေးဖြစ်ပါသည်။ ဥပမာပြောရလျှင် မင်္ဂလာနံနက်ခင်းပါဆိုလျှင် အိုဟိုင်းယိုးဂိုဇိုင်းမတ်ဆု သည်လိုပဲရေးထားပါသည်။ သို့သော် တော်တော်လေးတော့စုံပါသည်။ နေ့စဉ်သုံးစကားပြောအခန်း (၁၅) ခန်းလောက်ပါပါသည်။ မှတ်မှတ်ရရ ပုသိမ်မြို့က အစုံဆုံးစာအုပ်ဆိုင် ဝါးရုံစာပေမှာလည်း အဲသည်တစ်အုပ်ကလွဲပြီးမရှိ။ အဲသည် တစ်အုပ်ကလဲ ကိုယ်ကလွဲပြီး ဝယ်မယ့်သူမရှိလို့ ဖုန်တောင် မနဲခါလိုက်ရသည်။ သည်လိုနှင့်ကျွန်မ၏ ဂျပန်စာပေလေ့လာခြင်း ခြေလှမ်းကို ထိုစာအုပ်လေးနှင့် စတင်လိုက်ပြီး နေ့နေ့ညည အသည်းအသန် နှုတ်တိုက်အရ ကျက်ပါတော့သည်။ အဲဒီအချိန် ကိုယ်လိုနယ်မြို့လေးမှာ နေသူအဖို့ မဟာရန်ကုန်ရွှေမြို့တော်ကြီးဆီကိုသွားပြီး ပညာသင်ဖို့ဆိုတာ တွေးပင်မတွေးရဲခဲ့သည့်အခြေအနေ။ သည်လိုနှင့်ကံကောင်းချင်တော့ ကိုယ် ဂျပန်စာလေ့လာသည့်နှစ်မှာမှ ပထမဦးဆုံးအကြိမ်အဖြစ် ပုသိမ်တက္ကသိုလ်လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှဖွင့်လှစ်သော ဂျပန်ပြန်ရုက္ခဗေဒဌာနမှ ဒေါက်တာ ညွန့်ဖေနှင့် ပညာတော်သင်ဆုရပြီး ဂျပန်နိုင်ငံတွင် ပညာသင်ပြီး ပြန်လာခဲ့သောဆရာကျော်စွာညွန့် ညွန့်နှစ်ညွန့် ပေါင်းပြီး ဂျပန်ဘာသာကို သုံးလသင်တန်းဖွင့်တော့ ပျော်လိုက်သည်ဖြစ်ခြင်း။ အဲသည်အချိန်ကျမှ ဂျပန်ဟိရဂန စာလုံးလေးများကို






CamScanner

စတင်မြင်ဖူးလိုက်ရသည်။ ကျွန်မမှာ ဝမ်းသာအားရနှင့် နေ့နေ့၊ ညည ရေးလိုက်ရ၊ ဖတ်လိုက်ရသည့်ဂျပန်စာ စားလည်း သည်စိတ်၊ သွားလည်း သည်စိတ် အိပ်မက်ထဲမှာတောင်မှ ဂျပန်စာတွေ ရေးလို့၊ တစ်ခါတခါ သူငယ်ချင်းတွေနှင့်ထိုင်စကားပြောရင်းနှင့်တောင် သဲမြေပွပွလေးပေါ်မှာ ဂျပန်စာလုံးလေးတွေရေးနေတတ်ခဲ့ပါသည်။ အဲသည်အချိန်ကိုယ်က အတန်းထဲမှာ လျှာအသွက်ဆုံး။ သွက်မှာပေါ့။ ဂျပန်စာအုပ်သေးသေးလေးကို နှုတ်တိုက်ကျက်ထားတော့ စာလုံးတွေကိုသာ မမြင်ဖူးတာ။ အသုံးအနှုန်းနှင့် အသံထွက်များကို အကြမ်းဖျင်းလောက်ကတော့ သိနှင့်နေပြီးဖြစ်သောကြောင့် ဆရာများရှင်းပြလျှင် ဒက်ခနဲဒက်ခနဲ သဘောပေါက် နားလည်လွယ်သည်။ သည်တော့ ကိုယ့်ကိုကိုယ် မာန်တက်သည်။ ငါစာရသည်။ အဲသည်တော့ ငယ်ကလည်းငယ် ကိုယ့်မှာရင့်ကျက်သည့်အတွေးတို့ကလည်းမရှိသေးတော့ နည်းနည်းလေးရတာကို စိတ်ထဲမှာ အများကြီးရသည်ဟု ကိုယ့်ကိုကိုယ် ဘဝင်မြင့်ပြီး သွေးနားထင် ရောက်နေခဲ့သည်။ အဲသည် စိတ်ကြောင့်ပင် ကျွန်မဘဝမှာ သင်ခန်းစာများစွာ ရခဲ့ရပါသည်။ ထိုအချိန်တုန်းက ဆရာတို့ ပြောပြောပြသည့် ဂျပန်အတွေ့အကြုံကို ပါးစပ်အဟောင်းသားလေးနှင့်နားထောင်နေရင်း မျက်လုံးထဲမှာအခါခါပုံဖော်ကြည့်ခဲ့ရသည့် ဂျပန်နိုင်ငံ၏ အလှနှင့် လူနေမှုဓလေ့ထုံးစံ။ မြင်ဖူးချင်ခဲ့သည်။ တစ်နေ့နေ့တော့ ရောက်အောင်သွားမည်ဟု အမြဲတွေးဖြစ်ခဲ့သော်လည်း နှုတ်ကတော့ ထုတ်ဖော်မပြောရဲခဲ့ပါ။ ရန်ကုန်မြို့ကြီးတောင် အလှမ်းဝေးနေတာ ဂျပန်ဆိုတော့ ပိုဝေးပြီးပေါ့။ ဒါပေမယ့် တစ်နေ့နေ့တော့ ရောက်ရမည်လေ။

သည်လိုနှင့် သုံးလသင်တန်းပြီးတော့ ဆရာကျော်စွာညွှန့်ဆီမှာ ဂျပန်စာကို ခြောက်လလောက်ဆက်ပြီးသင်ဖြစ်နေစဉ်မှာပဲ ရန်ကုန်မြို့ကို သွားပြီး ဘွဲ့ယူဖို့ ဖြစ်လာခဲ့သည်။ ဖြစ်ချင်တော့ လှည်းတန်းကနေ ဂျပ်ဆင်ဘက်ကို လမ်းလျှောက်အသွားမှာ တစ်မြို့တည်းနေအသိတစ်ယောက်နှင့် လှည်းတန်းမှာဆုံရာမှ သူ၏မိတ်ဆက်ပေးမှုဖြင့် ရန်ကုန်က ကုမ္ပဏီကြီးတစ်ခုမှာ ပြုန်းစားဒိုင်းစားကြီးနှင့်အလုပ်ရသည်။ သည်တော့ ချက်ချင်း ပုသိမ်ပြန်၊ ပစ္စည်းတွေသိမ်း ရန်ကုန်ကိုတွက်လာ၊ အလုပ်ကလည်း အခန့်သင့်လိုက်ပုံက ကျွန်မ အမြဲပြင်ဆင်နေခဲ့သည့်အရာတွေနှင့် ကွက်တိတိုးခဲ့ခြင်းပင်။ ကျွန်မ တက္ကသိုလ်တက်နေစဉ်အတွင်း ပထမနှစ်မှာ ကွန်ပျူတာသင်ခဲ့သည်။ ဒုတိယနှစ်မှာအင်္ဂလိပ်စာသင်တန်းများတက်ခဲ့သည်။ တတိယနှစ်မှာ စာရင်းကိုင် LCCIကို တက်ခဲ့သည်။ နောက်ဆုံးနှစ်မှာ ဂျပန်စာကိုသင်နေတော့ ထွေထွေထူးထူး မေးမနေတော့ဘဲ အလုပ်တန်းခန့် ခံလိုက်ရခြင်းပင်။ အဲဒီအချိန် အလုပ်အတူတူလုပ်နေသည့် စီနီယာအစ်မကြီးတွေက နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ဂျာမန်စာတက်နေကြသည်။ မနက်မနက်ဆိုလျှင် ဖယ်ရီက ကျွန်မတို့ကို ကြိုပြီးသည်နှင့်နိုင်ငံခြားဘာသာတက္ကသိုလ်မှာ မနက်ပိုင်းဒီပလိုမာတန်းတက်နေသူများကို ဝင်ကြိုသည်။ သည်မှာတင် ကျွန်မမှာ အားကျစိတ်နှင့်ကျောင်းတော်ကြီးကို အဝေးမှ ငေးရသည်။ မှတ်မှတ်ရရ ကျွန်မ ဂျပန်စကားနည်းနည်း ပြောတတ်သည်ဆိုတော့ ထိုအစ်မများမှမေးသည်။ နိုင်ငံခြားဘာသာတက္ကသိုလ်မှာသင်တာလားဟူ၍။ ကျွန်မက ပုသိမ်မှာ တက်ခဲ့တာပါဟု ဖြေသောအခါ ဘာမှဆက်၍မမေးတော့။ သည်တော့ ဆုံးဖြတ်ခဲ့သည်။ သူတို့ အထင်ကြီးလေးစားစွာဖြင့်အသိအမှတ်ပြုသည့်သည်ကျောင်းတော်ကြီးကို ငါတစ်နေ့ ရောက်အောင်သွားမည်ဟူ၍။ သည်လိုနှင့်အလုပ်လေးလုပ်လိုက် ပိုက်ဆံလေးတွေစုလိုက် ရသမျှအချိန်လေးမှာ ဂျပန်စာသင်တန်းလေးတွေ ပြေးတက်လိုက်နှင့် ကျွန်မအတော်လေး အဆင်ပြေနေခဲ့ပါသည်။ မှတ်မှတ်ရရWinJapaneseမှာဂျပန်ဆရာမသင်တဲ့အတန်းဆိုတော့ ဂျပန်မလေးကိုလည်း မြင်ဖူးချင်သည်



CS CamScanner





CS CamScanner

ဂျပန်စကားကိုလည်း အရှင်လတ်လတ်ကြီး ကြားဖူးချင်သည်။ အဲသည်တုန်းက ဂျပန်ကားတွေကြည့်ရဖို့ဆိုတာ အတော်လေးကို မလွယ်သည့်ခေတ်။ အခွေတွေကလည်းအပြင်မှာလွယ်လွယ်ကူကူမရနိုင်တော့ ကျွန်မတို့မှာ စာလေ့လာရတာခက်သည်။ သည်တော့ ဂျပန်လူမျိုးသင်သည့်အတန်းကို သွားတက်ပြီး လေ့လာချင်သည်။သင်တန်းကြေးကြီးလျှင်လည်း ကြီးပါစေတော့ဆိုပြီး ကျောင်းသွားအပ်တော့ လူပြည့်သွားပြီ လွတ်သည့်အတန်းမှာဝင်တက်မည်ဆိုလျှင် တစ်တန်းတော့ ကျန်သေးသည်တဲ့။ ကိုယ်ကလည်း နောက်သုံးလကိုထပ်မစောင့်ချင်တော့ အရမ်းကိုတက်ချင်နေပြီဆိုတော့ မျက်စိမှိတ်ပြီး သင်တန်းကိုအပ်လိုက်သည်။ ကိုယ်သင်ထားတာကဖြင့် မတောက်တခေါက် ခြောက်လကျော်ကျော်လောက်ကလေးကိုယူလိုက်သည့်အတန်းက Level 2 (Fukushi) ။ ကိုယ့်ကိုကိုယ်လည်း စာအတော်ရနေပြီထင်ပြီးခြော် ငါစာသေချာလုပ်ရင်လိုက်နိုင်မှာပါဟုပေါ့ပေါ့လေးတွေးထားခဲ့ပါသည်။ ပထမဆုံးကျောင်းစတက်သည့်နေ့မှာပဲ အထင်နှင့် အမြင်တက်တက်စင်အောင်ကို လွဲပါတော့သည်။ အဲသည်အခန်းမှာ တက်နေကြသူများက အခြေခံမှစ၍တောက်လျှောက် အဲဒီကျောင်းမှာပဲတက်လာခဲ့ကြသူများဖြစ်ပြီး အနည်းဆုံး တစ်နှစ်လောက်ကြာပြီဖြစ်သည့်ကျောင်းသားများ။ နယ်မြို့လေးကရောက်လာတာမှ သိပ်မကြာသေးသော ကျွန်မမလည်မဝယ်လေးနှင့် အရှက်ပြန်းပြန်း ကွဲပါတော့သည်။ ဂျပန်ဆရာမလေးက စာသင် တော်သလောက် စာမေးလည်းကြမ်းပါသည်။ အသုံးအနှုန်းတစ်ခုကိုရှင်းပြပြီးသည်နှင့် ချက်ချင်း ဝါကျစာကြောင်းကို အတန်းထဲမှာ တည်ဆောက်ခိုင်းပြီးစာမေးပါသည်။ ပထမဆုံးနေ့မှာမှ ကျွန်မ စာမေးခံလိုက်ရတော့ ဘေးကတစ်ယောက်က တိုးတိုးလေးကပ်ပြောသည်။ စာအုပ်ထဲက ဥပမာစာကြောင်းလေးကိုပဲ ဖတ်ပြလိုက်ရတယ်ဆိုတော့ ကိုယ်ကဖတ်ပြလိုက်သည်။ ဆရာမလေးက တစ်ခုခု ပြန်ပြောသည်။ အဓိပ္ပာယ်ကို ကိုယ်က သေချာနားမလည်လိုက်။ အောက်က သူငယ်ချင်းကို အားကိုးတကြီးနှင့်လှမ်းကြည့်လိုက်တော့ သူက Hai လို့ပြောလိုက်ဆိုတော့ ကိုက Hai လိုက်တာ တစ်တန်းလုံးဝိုင်းပြီး ရယ်တာ ခံလိုက်ရသည်။တကယ်တော့ သူမက ကိုယ့်ဘာသာဝါကျတည်ဆောက်ဖို့ပြောထားတာကို ကျွန်မက မရေးနိုင်၍ ဖတ်စာအုပ်ထဲကဝါကျကို ဖတ်ပြလိုက်တာကို သူမက သိသည်။ သည်တော့ အငိုက်ဖမ်းပြီး အဓိပ္ပာယ် နှစ်ခွ ထွက်သည့်စာလုံးအဓိပ္ပာယ်ကို ထောက်မေးလိုက်တော့ ကျွန်မသူငယ်ချင်းကလည်း နားမလည်တော့ Hai ခိုင်းလိုက်၍ နားကန်းတစ်လုံးမှနားမလည်သည့် ကျွန်မကလည်း Hai လိုက်တာမှာတင် သူဆင်ထားတဲ့ထောင်ချောက်ထဲ ကျ၍နောင်အဲလိုမလုပ်ရဲအောင် ပညာပေးခြင်း ခံလိုက်ရပါတော့သည်။ သည်မှာတင် ကျွန်မမှာ ရှက်လွန်း၍ ကျောင်းခန်းထဲမှ ထွက်ပြေးသွားချင်လောက်အောင်ကို ရက်ရက်စက်စက်ခံစားလိုက်ရပါသည်။ နောက်နေ့ကျတော့ ကျွန်မထိုစာသင်ခန်းကို ကျောခိုင်းလိုက်ပါတော့သည်။ ကျွန်မ၏ချွေးနဲ့စာဖြင့် ကျောင်းလခသွင်းခဲ့သောပိုက်ဆံလေးကို နမြောမိသော်လည်း ဘာမှ မတတ်နိုင်တော့ပါ။ သို့သော် တစ်နေ့တော့ ငါသည်ဝါကျတွေကိုအကောင်းဆုံးတည်ဆောက်နိုင်တဲ့သူတစ်ယောက် ဖြစ်လာအောင် ကြိုးစားမည်ဟူ၍။ သည်လိုနှင့် ကျွန်မ မြေနီကုန်းမှာ ဖွင့်ထားသည့် ဂျပန်မလေးသင်သည့် Momiji ဂျပန်စာသင်ကျောင်းကို ရောက်ခဲ့ရပြန်ပါတော့သည်။ ဒါပေမယ့် ဘယ်လိုမှ စာမလိုက်နိုင်ပါ။ အဓိကက သူတို့ပြောတာကို အဓိပ္ပာယ်မကောက်နိုင်တော့ ဘယ်နှစ်တန်းပဲ တက်နေပါစေ။ စာဘယ်လိုမှမလိုက်နိုင်ပါ။ နားမလည်ဘဲနှင့် နေ့စဉ်အတန်းလာတက်နေသော်လည်း စာရသည်ဟု မခံစားရပါ။ ကျွန်မကိုသူငယ်ချင်းတွေကရော အားလုံးက ဝိုင်းပြီး ထောပနာ ပြုကြပါသည်။ ဂျပန်ရူးရူးနေသူပာဟူ၍။